# စစ်ကိုင်းတိုင်းဒေသကြီးတွင်ကျင်းပပြုလုပ်သော ပဉ္စမအကြိမ်မြောက် MSMEs Products ဒေသတွင်းထုတ်ကုန်ပြပွဲ၊ပြိုင်ပွဲ မှရရှိသော အကျိုးရလဒ်များ

## ၁။ ပဉ္စမအကြိမ်မြောက် MSMEs Products ဒေသတွင်းပြပွဲ၊ ပြိုင်ပွဲအား မုံရွာမြို့တွင် အောင်မြင်စွာကျင်းပ










အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပဉ္စအကြိမ်မြောက် MSMEs Products ဒေသတွင်းထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲအား စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့တွင် (၁၇.၈.၂၀၁၈) မှ (၁၉.၈.၂၀၁၈) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ပြပွဲ၊ ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် အခြားဒေသများမှ **MSME လုပ်ငန်းများ၏ ထုတ်ကုန်များ ခင်းကျင်းပြသ ရောင်းချခြင်း၊ "Business Opportunities in Sagaing Region" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ၊ အခြောက်ခံစက်များအကြောင်းကို ပြည်တွင်း/ပြည်ပ ပညာရှင်များမှ Presentation များဖြင့် ရှင်းလင်းဆွေးနွေး ခြင်း၊ FDA လက်မှတ်ထုတ်ပေးမှု ဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရောဝတီဘဏ်မှ ထုတ်ချေးပေးလျက်ရှိသည့် SME ချေးငွေများအကြောင်းကို တာဝန်ရှိသူများမှ ရှင်းလင်းဆွေးနွေး ခြင်း၊ SME ထုတ်ကုန်များအား ရောင်းချပေးမည့် လက်လီအသင်းအဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း၊ လုပ်ငန်းများတွင် ကြုံတွေ့နေရသော အခက်အခဲများအား ပြုပြင်ပေးခြင်း၊အကြံပြု ထောက်ပြခြင်းများ နှင့် ဆုရလုပ်ငန်းရှင်များအား ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့**ပါသည်။

## ၂။ ပြပွဲ၊ ပြိုင်ပွဲများမှ MSMEs များအတွက် ရလဒ်ကောင်းများဖော်ဆောင်ပေးနိုင်ခဲ့

* "စစ်ကိုင်းဂစ်တာ" များ မုံရွာ၊ တောင်ကြီးနှင့် မြစ်ကြီးနားမြို့သို့ (၂၅၀) လက် ရောင်းချခဲ့ရ





"စစ်ကိုင်းဂစ်တာလုပ်ငန်းရှင်များအသင်း"သည် အငယ်စားစီးပွားရေးလုပ်ငန်း ပထမဆုကို ရရှိပြီးနောက် Customer များ၏ ယုံကြည်မှုကိုပိုမို ရရှိလာပါသည်။ **ပြပွဲပြီးသည်နှင့် မုံရွာမြို့မှ ဂစ်တာအလက်(၅၀)၊ တောင်ကြီးမြို့မှ အလက်(၁၀၀) နှင့် မြစ်ကြီးနားမြို့တို့မှ အလက်(၁၀၀)စီ ချက်ချင်းမှာယူခဲ့**ပါသည်။

* "အောင်ချမ်းသာ" ရေအားလျှပ်စစ်ထုတ်စက်များကို ချင်းတောင်ဒေသအပြင် ပြည်မနှင့် နာဂဒေသအထိ စိတ်ဝင်စားမှုမြင့်တက်နေ





ကလေးမြို့၊ စက်မှုဇုန်ရှိ"အောင်ချမ်းသာ" ရေအားလျှပ်စစ်တည်ဆောက်ရေးမှ အသေးစား ရေအားလျှပ်စစ်(15 kW, 20 kW, 30 kW, 50 kW, 75 kW နှင့် 100 kW) စက်များအား စက်တပ်ဆင်လိုသည့် ချင်းပြည်နယ်ရှိ ကျေးရွာများသို့ စက်(၃၁)လုံးအား အရောက်ပို့၍ တပ်ဆင်ရောင်းချခဲ့ပါသည်။ ရေအားလျှပ်စစ်စက်များတွင် Turbine နှင့် Generator ဟူ၍ အဓိကအစိတ်အပိုင်းကြီး(၂) ခုပါရှိရာ Generator အား ပြည်တွင်းရှိ ကုမ္ပဏီများမှ ဝယ်ယူပြီး Turbine အား လုပ်ငန်းရှင်ကိုယ်တိုင် ထုတ်လုပ်ခြင်းဖြစ်ပါသည်။ Turbine

တွင်ပါဝင်သော Propeller များ၊ (1" - 3") Nozzle များ၊ Fly Wheel များ၊ Suction Head များ၊ Pulley နှင့် Body Frame များအား ကလေးစက်မှုဇုန်တွင်ပင် သံရည်ကြို ပုံလောင်းထုတ်လုပ်ပြီး ပြင်ပမှဝယ်ယူသော Generator ဖြင့် Assembly လုပ်၍ ထုတ်လုပ်ခြင်းဖြစ်ပါသည်။ အောင်ချမ်းသာမှ ထုတ်လုပ်သော ရေအားလျှပ်စစ်ထုတ်စက် ရောင်းဈေးများမှာ

| | | | | | |
|---|---|---|---|---|---|
| 15 kW | - | ကျပ် 45 သိန်း | 20 kW | - | ကျပ် 50 သိန်း |
| 30 Kw | - | ကျပ် 55 သိန်း | 50 kW | - | ကျပ် 70 သိန်း |
| 75 kW | - | ကျပ် 100 သိန်း | 100 kW | - | ကျပ် 120 သိန်း |

ဖြစ်ပြီး **နိုင်ငံခြားမှထုတ်လုပ်သော ရေအားလျှပ်စစ် စက်များအနေဖြင့် 100 kw စက်(၁)လုံးအား သိန်း(၂၀၀) မှ (၅၀၀) အထိရှိ**ကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ အောင်ချမ်းသာမှ ထုတ်လုပ်သော ပြည်တွင်းဖြစ်ရေအားလျှပ်စစ်ထုတ်စက်များမှာ ဒေသ၏လိုအပ်ချက်များနှင့်ကိုက်ညီခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ တပ်ဆင်လိုသည့် နေရာများသို့ ကိုယ်တိုင်ကွင်းဆင်းလေ့လာခြင်း၊ အကြံဉာဏ်ပေးခြင်း၊ အရောက်ပို့တပ်ဆင်ပေးခြင်းများကြောင့် အလတ်စားစီးပွားရေး ဒုတိယဆုရရှိခဲ့ပြီးချင်းပြည်နယ်တွင်သာမက **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မကွေးတိုင်း အတွင်းမှတပ်ဆင်လိုသူများမှ စိတ်ပါဝင်စားစွာမြန်းခြင်း၊ လျှပ်စစ်ထုတ်စက်ဆိုင်ရာ အချက်အလက်များ ယူဆောင်သွားခြင်းများကြောင့် ဈေးကွက်တိုးချဲ့ရောင်းချသွားနိုင်မည်** ဖြစ်ပါသည်။

* **"ဟန်ဝင်းစော" စဉ့်ပန်းအိုးများ အိန္ဒိယမှ Container ကားတစ်စီးစာ မှာယူခဲ့**





ပြပွဲတွင် ပါဝင်ပြသခဲ့သော ရွှေဘို၊ ကျောက်မြောင်းမြို့မှ "ဟန်ဝင်းစော" စဉ့်ထည်လုပ်ငန်းသည် PUM Netherland Expert အဖွဲ့မှ ပံ့ပိုးသောနည်းပညာများဖြင့် စဉ့်ထည်ပစ္စည်းများအား အရောင်အသွေးစုံလင်စွာရောစပ်ထုတ်လုပ်နိုင်ခြင်း၊ ထင်းမီးအပြင် Gas

မီးဖိုဖြင့် အိုးဖုတ်နိုင်ခြင်းတို့ကြောင့် ရောင်းအားတိုးတက်လာခဲ့ပါသည်။ ထို့ပြင်ယခုပြပွဲတွင် **စဥ့်ပန်းအိုးအား ပေ(၄၀) Container ကားတစ်စီးစာ အိန္ဒိယနိုင်ငံမှ မှာယူခဲ့**ပါသည်။

* **"စိန်ငါးပွင့်" ရွှေဘိုပေါ်ဆန်းမွှေးလုပ်ငန်း နေပြည်တော်အရောင်းကိုယ်စားလှယ်များ တိုးတက်ရရှိ**






ရွှေဘိုခရိုင်၊ ဝက်လက်မြို့မှ" စိန်ငါးပွင့်" အဆင့်မြင့်ဆန်စက်သည် ဂျပန်နိုင်ငံ Satake စက်များဖြင့် ရွှေဘိုပေါ်ဆန်းမွှေးများအား ကြိတ်ခွဲထုတ်လုပ်ပြီး မြန်မာပြည်အနှံ့ ရောင်းချနေသောလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ပြိုင်ပွဲတွင် အလတ်စားပူးတွဲ ဒုတိယဆု ရရှိခဲ့ပြီးနောက် **Customer များ၏ ယုံကြည်မှုများပိုမိုရရှိလာကာ နေပြည်တော်မှ အရောင်းကိုယ်စားလှယ် (၂) ဦး တိုးတက်ရရှိခဲ့**ပါသည်။

* **"အောင်ဇမ္ဗူ" စပါးခွံလောင်စာမီးသွေးတောင့်များအား ရေနံချက်မီးဖိုများမှ အသုံးပြုလာ**





စပါးခွံမှ ထုတ်လုပ်သော "အောင်ဇမ္ဗူ" လောင်စာမီးသွေးတောင့် ထုတ်ကုန်များအား ပြည်တွင်းဈေးကွက်အပြင် ဂျပန်နိုင်ငံသို့ပါ တင်ပို့ရောင်းချလျက်ရှိပြီး ယခုပြပွဲတွင် အသေးစားလုပ်ငန်းပထမဆုကိုရရှိခဲ့ကာ **ထုတ်ကုန်အား ရေနံချက်မီးဖိုများမှ အသုံးပြုရေး ဈေးကွက်ချိတ်ဆက်နိုင်ခဲ့**ပါသည်။


*** "သိင်္ဂီ" အဆင့်မြင့်ရွှေဘိုပေါ်ဆန်းမွှေးလုပ်ငန်းအား နိုင်ငံခြားကုမ္ပဏီ (၁) ခုက အကျိုးတူပူးပေါင်း လုပ်ကိုင်ရန် ကမ်းလှမ်းလာ**





"သိင်္ဂီ" အဆင့်မြင့်ရွှေဘိုပေါ်ဆန်းမွှေး လုပ်ငန်းသည် ပြိုင်ပွဲတွင် အလတ်စားပူးတွဲတတိယဆု ရခဲ့ပြီးနောက် **နိုင်ငံခြားကုမ္ပဏီတစ်ခုမှ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလာခဲ့**ပါသည်။ ထို့ပြင် **လုပ်ငန်းရှင်တစ်ဦးမှ ရွှေဘိုပေါ်ဆန်းအား ကိုယ်စားလှယ်ယူ၍ ရောင်းချနိုင်ရေး (၅) နှစ် သဘောတူစာချုပ် ချုပ်ဆိုရန် ဆွေးနွေးညှိနှိုင်းလျက်ရှိ**ပါသည်။

*** "အောင်မြန်မာ Biomass Burner " များအား ရေနံချက်စို၊ ခေါက်ဆွဲ၊ အုန်းဆီနှင့် သစ်ပေါင်း လုပ်ငန်းများက ဝယ်ယူနိုင်ရေး ပြင်ဆင်လျက်ရှိ**




(1) Control Panel
(2) Hopper (Storage Tank)
(3) Feeder
(4) Feeding Blower
(5) Combustion Chamber
(6) Primary Air Blower
(7) Secondary Air Blower
(8) Fire Flame Outlet





Biomass Burner ၏ စွမ်းဆောင်ရည်မှာ Heating Value 300000 Kcal/hr ရှိပြီး၊ ထိုတန်ဖိုးမှာ ၀.၅ တန် ဘွိုင်လာတွင် အသုံးပြုရသော အပူတန်ဘိုးနှင့်ညီပါသည်။ အပူချိန် Temperature 900 C မှ 1100 C အထိ ထွက်ရှိပါသည်။ သံရည်ကြိုလုပ်ငန်း၊ အုတ်ဖုတ်လုပ်ငန်း၊ ရေနံချက်ဖိုလုပ်ငန်း၊ သီးနှံအခြောက်ခံလုပ်ငန်းနှင့်ဘွိုင်လာသုံးလုပ်ငန်းများတွင် ထင်းနှင့်အခြားလောင်စာအစားထိုး အသုံးပြုနိုင်ပါသည်။ **Burner တွင် တပ်ဆင်ထားသော လျှပ်စစ်အား အသုံးပြုမှုမှာ 6 kW ခန့် ရှိရာ လျှပ်စစ်မီးမရရှိသော လုပ်ငန်းများအနေဖြင့် 10 kW Generator ဖြင့် Burner အား တွဲဖက် အသုံးပြုနိုင်**ပါသည်။

ကုန်ကြမ်းအနေဖြင့် စပါးခွံ၊ မြေပဲခွံ၊ ကြံဖတ်၊ လွှစာမှုန့်၊ သစ်ရွက်ခြောက် နှင့် ဂျပ်စက္ကူ စသည့် စွန့်ပစ်ပစ္စည်းများဖြင့် အသုံးပြုနိုင်ပါသည်။ သမရိုးကျအသုံးပြုလောင်စာ၏ သုံးပုံတစ်ပုံမျှသာ ကုန်ကျသဖြင့် စီးပွားရေးတွက်ချေ ကိုက်မှု ရှိပါသည်။ လွှစာမှုန့်လောင်စာသုံးပါက ပြာ (၁-၁.၅ %) ထွက်ရှိပြီး၊ စပါးခွံလောင်စာသုံးပါက ပြာ (၂.၅- ၃.၅ %) ထွက်ရှိပါသည်။ လောင်စာမှုန့် စိုထိုင်းဆ Moisture 15% ထက် နည်းရန်လိုအပ်ပြီး၊ လောင်စာမှုန့်၏ အရွယ်အစားမှာ 1-3mm ရှိရန်လို အပ်ပါသည်။

Burner အား ထုတ်လုပ်ရာတွင် Blower Motor များ၊ Electronic Control Device များကိုသာ ကျပ်(၁၁) သိန်းခန့် ပြင်ပမှ ဝယ်ယူသုံးစွဲပြီး၊ ကျန် Hopper နှင့် Combustion Chamber တို့အား Metal Sheet များဖြင့် ကိုယ်တိုင်ပြုလုပ် (၉၃%) တည်ဆောက်ထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ **စက်ရုံထုတ်ဈေးကျပ် သိန်း (၁၅၀) ဖြင့် ရောင်းချပေးလျက်ရှိပါသည်။ ပြည်ပမှ Burner (၁) လုံး အာ ကျပ်(၁၆၀)သိန်းဖြင့် ဝယ်ယူအသုံးပြုရမည်ဖြစ်ရာ သုံးစွဲသူများအသုံးပြုရန် သင့်လျော် ကြောင်း တွေ့ရှိရပါသည်။**

Biomass Burner ထုတ်လုပ်သော မုံရွာမြို့မှ "အောင်မြန်မာ" သမဝါယမအသင်းသည် ပြိုင်ပွဲတွင် အလတ်စားလုပ်ငန်း ဒုတိယဆုကိုရရှိခဲ့ပြီးနောက် Burner များအား **ရေနံချက်ဖိုများ၊ ကြံခင်းမြို့ ခေါက်ဆွဲ ထုတ်လုပ်သူများ၊ အုန်းဆီချက်လုပ်ငန်းများနှင့် သစ်ပေါင်းလုပ်ငန်းတို့က ဝယ်ယူနိုင်ရေး စုံစမ်းမေးမြန်း ပြင်ဆင်လျက်ရှိ**ပါသည်။

* ကျောက္ကာယွန်းထည် Packing ဘူးများဖြင့် လက်ဖက်ခြောက်များ Export တင်ပို့ရန် ဆောင်ရွက်နေ







မုံရွာမြို့နယ်၊ ကျောက္ကာရွာမှ "ငွေကြယ်စင်" ယွန်းထည်လုပ်ငန်းသည် ဂျပန်၊ အီတလီ အစရှိသော နိုင်ငံများသို့ ယွန်းထည်လက်မှုပစ္စည်းများအား တင်ပို့ရောင်းချနေပြီး ရင်းနှီးလည်ပတ်ငွေ အခက်အခဲများကြောင့် ထုတ်ကုန်အမြောက်အများ ထုတ်လုပ်နိုင်ရေး ချေးငွေရရှိရန် လိုအပ်လျက်ရှိပါသည်။ ပြပွဲတွင်ပါဝင်ပြသခဲ့ရာ "ပန်းရွှေပြည်" ကောက်ညှင်းလက်ဖက်ခြောက်လုပ်ငန်းမှ **လက်ဖက်ခြောက်များ Export တင်ပို့ရာတွင် ယွန်းဘူးများ ဖြင့် Paching ထုပ်ပိုးရန် ကနဦး နမူနာ(၂၀) ဘူး မှာယူခဲ့ပြီး ဆက်လက်၍ ဝယ်ယူသွားမည်** ဖြစ်ပါသည်။

* ပြည်တွင်းထုတ် မော်တော်ဆိုင်ကယ်လျှပ်စစ်အပိုပစ္စည်းများ ရောင်းအားတိုးတက်နေ



Magnetic Coil



Starter Solenoid



Ignition Coil



CDI

စစ်ကိုင်းမြို့ "Motive Super Red Co., Ltd" မှ အောက်ဖော်ပြပါ မော်တော်ဆိုင်ကယ် လျှပ်စစ်အပိုပစ္စည်းများ ထုတ်လုပ်ပါသည်-

| စဉ် | ထုတ်ကုန်အမျိုးအစား | ပါဝင်သော Componet ပေါင်း (ခု) | Componet များ ဝယ်ယူမှု (ခု) | | စက်ရုံဈေး (ကျပ်) | နိုင်ငံခြားမှ တင်သွင်းရောင်းချသော ဈေး(ကျပ်) |
|---|---|---|---|---|---|---|
| | | | ပြည်တွင်း | ပြည်ပ | | |
| ၁ | Magnetic Coil | ၂၀ | ၈ | ၁၂ | ၃၂၀၀ | ၅၅၀၀ |
| ၂ | Starter Solenoid | ၂၁ | ၁၄ | ၇ | ၁၃၅၀ | ၂၀၀၀-၂၅၀၀ |
| ၃ | CDI | ၃၄ | ၄ | ၃၀ | ၁၅၀၀ | ၂၅၀၀-၂၈၀၀ |
| ၄ | Flesher Relay | ၁၀ | - | ၁၀ | ၅၀၀ | ၁၀၀၀-၁၁၀၀ |
| ၅ | Rectifier | ၁၅ | ၁ | ၁၄ | ၁၆၀၀ | ၃၀၀၀ |
| ၆ | Ignition Coil | ၉ | ၃ | ၆ | ၁၂၀၀ | ၂၂၀၀-၂၅၀၀ |

**အသုံးပြုသောစက်များ**

(၁) Winding Machine (၂) Wire Striping Machine (၃) Wire Cutting Machine
(၄) Oven (၅) Varnish Tank (၆) Pipe Cutting Machine

**Product ထုတ်လုပ်ပုံ**






Motive Super Red Co., Ltd သည် **မော်တော်ဆိုင်ကယ် လျှပ်စစ်အပိုပစ္စည်းများ ထုတ်လုပ်ရန်အတွက် Single Wire များ၊ Cable Lag များ၊ Magnetic Sensor များ ၊ Iron Care များ၊ Socket များ၊ Armature Core များ၊ Enamelled Copper Wire များ၊ Voltage Transformer များ၊ Resistor ၊ Transistor ၊Capacitor ၊ FET ၊ SCR အစရှိသော Electronic Component များ၊ Circuit ပြားများအား** ပြည်တွင်းနှင့်ပြည်ပတို့မှ ဝယ်ယူပြီး **စက်ရုံ Production Line ရှိ စက်များဖြင့် Winding ပတ်ခြင်း၊ Varnish စိမ်ခြင်း၊ Oven ဖြင့် အခြောက်ခံခြင်း၊ Circuit တွင် Electronic Component များ တပ်ဆင်ခြင်း၊ Connection ကြိုးများ၊ Cable Lag များ တပ်ဆင်ခြင်းနှင့် Testing ပြုလုပ်ခြင်းများ ဆောင်ရွက်**ပါသည်။

ထွက်ရှိလာသော Finished Product များအား Packing ထုတ်ပိုး၍ စစ်ကိုင်း၊ မန္တလေးနှင့် အထက်မြန်မာပြည်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီ/လက်ကား ရောင်းချပေးလျက်ရှိပါသည်။ **သွင်းကုန်အစားထိုး ပြည်တွင်းမှ ထုတ်လုပ်သောဆိုင်ကယ် Spare Part ပစ္စည်းများ အနေဖြင့် ပြည်ပမှတင်သွင်းရောင်းချသော ပစ္စည်းများထက် များစွာဈေးသက်သာကြောင်း တွေ့ရှိရ**ပါသည်။

"Motive Super Red Co., Ltd" သည် လုပ်ငန်းစတင် ထူထောင်ချိန် မကြာမြင့်သေးသော်လည်း ထုတ်လုပ်မှုစနစ်ကောင်းမွန်ပြီး အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်ခြင်းကြောင့် အသေးစားလုပ်ငန်း၏ ဒုတိယဆုကိုရရှိခဲ့ကာ **Customer များ၏ ယုံကြည်မှုကို ပိုမို ရရှိလာပြီး ရောင်းအား တိုးတက်လာခဲ့**ပါသည်။

* **စပါးခွံလောင်စာသုံး "မျိုးမြန်မာ" သီးနှံအခြောက်ခံစက်လုပ်ငန်းအား ရောဝတီဘဏ်မှ ချေးငွေထုတ်ပေးရန် ကမ်းလှမ်းလာ**





ပြပွဲတွင် ပါဝင်ပြသရောင်းချသော လှိုင်ကော်မြို့စက်မှုဇုန်မှ "မျိုးမြန်မာ" စပါးခွံလောင်စာသုံး သီးနှံအခြောက်ခံစက်လုပ်ငန်းသည် မုံရွာမြို့မှ တောင်သူများ၏ လိုအပ်ချက်အရ အရွယ်အစား သေးသေးဖြင့် လျှင်မြန်စွာအခြောက်ခံနိုင်သော Dryer Machine များ ထုတ်လုပ်ရန်

နှင့် ကိုးရီးယားနိုင်ငံ J-Root အဖွဲ့အစည်းနှင့် Dryer Machine များကို ပူးပေါင်းထုတ်လုပ်နိုင်ရန် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် **လုပ်ငန်းတိုးတက်အောင်မြင်လာမှုများကြောင့် ဧရာဝတီဘဏ်မှ ချေးငွေထုတ်ချေးပေးရန် ကမ်းလှမ်းလာခဲ့**ပါသည်။

* **"ရွှေနန်းတော်" မုန့်မျိုးစုံလုပ်ငန်း အရောင်းကိုယ်စားလှယ်များ တိုးတက်ရရှိ**







မုံရွာမြို့မှ "ရွှေနန်းတော်" မုန့်မျိုးစုံလုပ်ငန်းသည် ယခင်က ပခုက္ကူ၊ ယင်းမာပင်နှင့်ဘုတလင်မြို့တို့ရှိ အရောင်းဆိုင်များတွင် ကိန်မုန့်အစို၊ အခြောက်များကို ရောင်းချလျက်ရှိနေရာမှ ပြိုင်ပွဲတွင် အငယ်စားလုပ်ငန်း တတိယဆုရရှိခဲ့ပြီးနောက် **မန္တလေး၊ အရာတော်နှင့် သာစည်မြို့တို့မှ ကိတ်မုန့်ရောင်းချပေးမည့် ကိုယ်စားလှယ်များ ထပ်မံရရှိလာခဲ့**ပါသည်။

* **ဒီပဲယင်း၊ ချောင်းဦး၊ ယင်းမာပင်၊ ရေစကြို၊ မင်းကင်းနှင့် ပုလဲမြို့နယ်များသို့ " အီစယ့်ကီ" ထွန်စက်နှင့် စပါးရိတ်သိမ်းခြွေလှေ့စက် (၉) စီး ရောင်းချ**







ပြပွဲတွင် ပါဝင်ပြသသော "အီစယ့်ကီ" လယ်ယာသုံးစက်ကိရိယာများကို ဒေသခံတောင်သူများစိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြပြီး **စပါးရိတ်သိမ်းခြွေလှေ့စက်အား ချောင်းဦးမြို့နယ်သို့ (၁) စီး၊ ဒီပဲယင်းမြို့နယ်သို့ (၂)စီး၊ ယင်းမာပင်မြို့နယ်သို့ လယ်ထွန်စက် 40 hp (၁) စီး နှင့်**

လယ်ထွန်စက် 54 hp အား ရေစကြိုမြို့နယ်(၂)စီး၊ ယင်းမာပင်မြို့နယ်(၁)စီး၊ မင်းကင်းမြို့နယ်(၁)စီး၊ ပုလဲမြို့နယ်(၁)စီး စသည် ဖြင့် စုစုပေါင်း (၅)စီး ဈေးကွက်တိုးချဲ့ရောင်းချခဲ့ရပါသည်။

## ၃။ MSMEs များ ဈေးကွက်တိုးတက်ရရှိရေး Business Matching များ ကျင်းပပြုလုပ်







ပဉ္စမအကြိမ်မြောက် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲကို စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့တွင် ပြုလုပ်ကျင်းပခဲ့ရာ အဆိုပါပြပွဲ၊ ပြိုင်ပွဲနှင့်ဆက်စပ်အခမ်းအနားအဖြစ် Business Matching အခမ်းအနားကို ထည့်သွင်းပြုလုပ်ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်း(၂၂)ခုမှ လုပ်ငန်းရှင်များ အနေဖြင့် ABC Convenience Store ၊ Gandamar Wholesale နှင့် City Mart Holding Co.,Ltd (CMHL) မှ တာဝန်ရှိသူများနှင့် လုပ်ငန်းချိတ်ဆက်နိုင်ရေး **Business Matching** ပြုလုပ်ခဲ့ကြရာ **လုပ်ငန်း (၂) ခု တိုက်ရိုက်ရောင်းချခွင့်ရရှိပြီး လုပ်ငန်း (၅) ခုမှာ ထုတ်ကုန်နမူနာပစ္စည်းများရယူ၍ ရောင်းချခွင့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်** ဖြစ်ပါသည်။

* **Nara Green Tea နှင့် သားသားဆန်ပြုတ်တို့ ABC Convenience Store သို့ ကုန်ပစ္စည်းများ တိုက်ရိုက်ရောင်းချခွင့်ရရှိ**



"Nara" Green Tea




"သားသား" ဆန်ပြုတ်

Retailer အသင်းအဖွဲ့များ၏ စံချိန်စံညွှန်းများ၊ Packing ထုတ်ပိုးမှုများနှင့် ကိုက်ညီသော "Nara" Green Tea သည် ABC Convenience Store နှင့် City Mart Holding

**Co.,Ltd (CMHL) သို့ ကုန်ပစ္စည်းတိုက်ရိုက်ရောင်းချခွင့် ရရှိခဲ့**ပါသည်။ ထို့အပြင် **"သားသား" ဆန်ပြုတ်**သည်လည်း **ABC Convenience Store သို့ ရောင်းချခွင့်ရရှိခဲ့**ပါသည်။

* ABC, Gandamar နှင့် City Mart တို့၏ ကနဦးစံချိန်စံညွှန်းများနှင့်ကိုက်ညီသော လုပ်ငန်း(၅) ခု ၏ ကုန်ပစ္စည်းများ ရောင်းချခွင့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်



**ကြယ်ပဲအလှကုန်**



**"ဇိမ်" ဇီးပြား**



**"ကျော်ကျော်"စားသောက်ကုန်**



**"Jumjel" ဇီး၊ မကျည်းဖျော်ရည်**



**"အောင်ချမ်းသာ" ဇီးဖျော်ရည်**

ကြယ်ပဲအလှကုန်၊ "ဇိမ်" ဇီးပြား"၊ ကျော်ကျော်"စားသောက်ကုန်၊"Jumjel" ဇီး၊ မကျည်းဖျော်ရည်၊"အောင်ချမ်းသာ" ဇီးဖျော်ရည် လုပ်ငန်းများသည် **Retailer အသင်းအဖွဲ့များ၏ စံချိန်စံညွှန်းများနှင့် ကနဦးကိုက်ညီမှုရှိခြင်းကြောင့် ထုတ်ကုန်နမူနာများအား Retailer (ရုံးချုပ်) သို့ ယူဆောင်သွားပြီး ရောင်းချခွင့်ရရှိရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်** ဖြစ်ပါသည်။